
# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တန်ခူးလဆုတ် ၃ ရက် (၁-၄-၇၂)




စနေနေ့တိုင်းထုတ်ဝေသည်။



အောင်မယ် - ညီကြီးက တယ်သိမ္မာပါလား -
ကဲ-ဒီတခါ ငါ ပြင်းပြင်း ပစ်လိုက်မယ် သွားကောက်ခဲ့စမ်းဟေ့၊
ဟေ့ကောင်ညီကြီး-ဘာဖြစ်လို့ဒုတ်ကိုပြန်ဆွဲမလာ တာလဲကွ-ဟေ့-ဇော-ဇော-
ကောင်လေး ဘာကောင်းသလဲ၊ ငါ့ကို ဒုတ်နဲ့ပစ်တယ်-
ဟဲ-
မတော်လို့ပါ အကိုကြီးရယ် တောင်းပန်ပါတယ်၊ ဒီခွေးကို ဒုတ်ပစ်လေ့ကျင့်ပေး နေတာပါ၊
ကဲ-ဒုတ်ကောက်ပေးတာ ရပ်လိုက်ကြအုံးစို့၊ မင်းကိုနောက်တခုလေ့ကျင့်ပေးရအုံးမယ်၊



ဖော်ကြီးသည် သူ၏ခွေးညိုကြီးအား အမိန့်ပေး၍ ထိုင်ခိုင်း ထခိုင်းခြင်းများကို လေ့ကျင့်ပေးနေသည်။
ကဲ- ထလိုက်စမ်း- ဟုတ်ပြီ ဟုတ်ပြီ-
ကျွဲဆိုနှင့်ဖော်ကြီးသည် သူ့ခွေးကြီးအား စိတ်တိုင်းကျ လေ့ကျင့်၍ မဆုံးခင် တစ်နေ့တွင် သူ့မိသားစုသည် အခြားရပ်ကွက်တစ်ကွက်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။
ဖော်ကြီးမှာလည်း ပြောင်းရွှေ့လာသော ရပ်ကွက်မှ ကျောင်း၌ ကျောင်းဆက်နေရသည်။
ကျွဲဆိုနှင့်ဖော်ကြီးသည် ထိုကျောင်းမှ ဝေါထုတ်ဆိုသော ကျောင်းသားလေးနှင့် ခင်မင်ရင်းနှီးလာသည်။
ငါ့နာမယ် ဖော်ဝင်းကျော်ပါပဲ။ အားလုံးက ဖော်ကြီးလို့ ခေါ်တယ်။ မင်းလည်း ဖော်ကြီးလို့ပဲ ခေါ်ကွာ။
အေး- ငါ့နာမယ်က ဝေါထုတ်တဲ့။
တစ်နေ့တွင် ဖော်ကြီးက ဝေါထုတ်အား သူ့ခွေးညိုကြီး အကြောင်းပြောပြသည်။
ငါ့ဆီမှာ ခွေးကြီး တစ်ကောင်ရှိတယ်ကွ၊ နာမယ်က ညိုကြီးတဲ့၊ ငါသင်ပေးထားလို့ ထခိုင်း ထိုင်ခိုင်း ပြတတ်တယ်ကွ။
ဟုတ်လား- မင်းခွေးက ဒီလောက် လိမ္မာသလား။
အေး- ငါပြောတာ ထ လိမ္မာသေးတယ် အေး- မင်း သူ့ကို တွေ့ရင် ငါလိုမျိုး ပြောဆိုတာ သိမှာပေါ့။


ဖောကြီးသည် ကျောင်းအားသော အချိန်၌ မြားတွင်းသွ. ခွေးကြီးအား အမျိုးမျိုး လေ့ကျင့်ပေး သည်။
အင်း.. ငါ့ခွေးသို့ကြီးတော့ အတော်တတ် နေပြီ၊ ဒါပေမဲ့ လူစိမ်းတစ်ယောက်ကို ငါကမိန့်ပေးမှ ကိုက်တတ်အောင်သင်ပေး ရအုံးမယ်၊
သိုကြီးဟာ ငါ့သူငယ်ချင်းဖေါ်ထူးကို မမြင်ဖူး သေးဘူး၊ ဒီတော့ ဒီလေ့ကျင့်ခန်းလေ့ကျင့်ဖို့ ဖေါ်ထူးဆီသွားပြီး အကူအညီတောင်းရင် ကောင်းမယ်၊
ဖေါ်ထူးတို့နေတာ ဒီလမ်းကြားကို ကျော်လိုက်ရင် ဖေါ်ထူးတို့အိမ်နဲ့ တွေ့တယ်၊
ဖေါ်ထူး ရေ- ဖေါ်ထူး -
ဒီအိမ်မှာ၊ ဖေါ်ထူးနေတယ် မှတ်လား ကြီးကြီး၊
ဟေး.. ဘာ ကိစ္စရှိလို့လဲ!




ဆက်ရန်


လေလွကြီးသော တရားသူကြီး
မင်း ဘယ်တုန်းက ငါ့ဆီမှာ အပ်ထားလို့လဲကွာ တကယ်အပ်ထားယင် ရှာပေါ့ကွ ငါက တရားသူကြီး ဘဲ. ဘယ်မဟုတ်တာ လုပ်ပါ့မလဲကွာ.....
ငါယုံကြည်မိလို့ အသပြာငွေ တထောင် အပ်မိတာ ခုတော့ သက်သေ မပြနိုင်တာနဲ့ ဆုံးရတော့မပေါ့လေ–တနည်းနည်းနဲ့ တော့ ရအောင်ပြန်ယူရမယ်...
အညာသားလေး မောင်လူအေးမှာ ယူကျုံး မရဖြစ်ကာ လမ်းမ၌ ငိုနေ၏။
ဟီး ဟီး ငါ့ ငွေနဲ့အ လေး ကုန်ပါပြီ.
ထိုစဉ် ဘယ်လိုဖြစ်တာလဲရှင်!
အကြောင်းစုံ ရှင်းပြလိုက်သော်–
အပ်ထားတာကလဲ ၂ နှစ်လောက်ကြာခဲ့ပြီ ဆိုတော့
ကဲ ဒီလိုဆို ကျုပ် ကြိုးစားပေးပါ့မယ် ကျုပ်ပြောသလို လုပ်ရမယ်--




သို့ဖြင့် အစီအစဉ်တခုကို ဆုံးဖြတ်ကြပြီးနောက် —
တစေ့ သူကြီးမင်းချင်း ကျုပ်ရဲ့ ငွေအပြည့်ပါတဲ့ ဟောဒီသေတ္တာကြီးကို ခဏ အပ်ထားခဲ့ပါရစေ
ကျမခင်ပွန်း ခရီးလွန်နေတာမို့ စိတ်ချလို့ပါ -
အင်း! ငါပွအုံးမှာပါလား
ထိုစဉ် အစီအစဉ်အတိုင်း မောင်လူအေး ရောက်လာ၏။
မင်းအပ်ထားတဲ့ ငွေ - ပေးရအုံးမယ်
ရော့ ရော့
ကျေးဇူးတင်ပါတယ် - ဦးလေး - သွားအုံးမယ်
အစီ အစဉ် အတိုင်း ကလေးတယောက် ရောက်လာပြန်က —
မေမေ
မေမေ ခုဘဲ ပြန်ရောက်လာပြီ - မေမေ့ကို ခေါ်ခိုင်းတယ် -
ဟင်!


ဝမ်းသာလိုက်တာ . တရားသူကြီးမင်းရယ် ကျမဘပြွန်းပြန်ရောက်လာပြီမို့ မရိုးရိမ် ရတော့ဘူးလေ . သေတ္တာကြီးပြန်ယူသွား ပါရစေ .
ဟုတ်ပြီ . ပြန်ယူသွား တော့မယ် .
ဟုတ်. ဟုတ်ကဲ့.. ကျေးဇူးတင်ပါ. တယ်
အထဲမှာငွေလဲတပြားမှမပါပါဘူး သူကြီးမင်းရဲ့ ကောက်ကျစ်တဲ့ စိတ်ထား ကိုလာဖော်ပေးတာပါ .
အိုး .. ဟိုး ဟိုး . အသပြာငွေ တထောင် .. တထောင် . ပြန် ပြန် ပေးလိုက်ပြီ . ဟူး .. ဟူး
ငွေသေတ္တာကြီးလဲမရ . မ .. ရ . ဘူး .. ဟူး .. ဟူး . လောဘ . ကြီး မိလို့ .. အယုံသွင်းခံရတာ ...
ခု . ခုတော့ မှတ်ကြား .
ကျေးဇူးတင် ပါတယ်တရား သူကြီးမင်းတာဝန် . သစ္စာရှိပြီး တရားမျှတ နိုင်ပါစေ .. တဲ့တာ .


# သိမှတ်ဖွယ်ရာ


ပြုစုသူ
မြတင်ရည်

ပစိဖိတ် သမုဒ္ဒရာ အတွင်း ကိုမိုဒို ကျွန်းပေါ်၌အလျား ၁၀ ပေခန့်ရှိဖွတ်ကြီး တမျိုးကိုတွေ့ရသည်။ ယင်းတို့သည်သားစိမ်း များကို စားသောက်ကြသည်။




တောင် အမေရိက တိုက် အမ္ဗဇုန် သစ်တောမှ ဗလ်ဗဒ်ခေါ် ငှက်တမျိုးမှာ ခေါင်းလောင်းသံကဲ့သို့ အော်မြည်၍ ယင်းအော်သံကို တမိုင်ခန့် အဝေးမှပင် ကြားနိုင်သည်။ ထိုငှက်တွင် ပါးမုန်းမွေး နှစ်ပင်နှင့် နှုတ်သီးအပေါ်ဖက်၌ တံခွန်မွေးတပင် ပါရှိသည်။





ယခင်က အမေရိကတိုက် အလယ်ပိုင်း ဟွန်ဒူးရပ် နိုင်ငံတွင် ရွှေအလွန်ထွက်သည်။ မြင်းခွာအသစ်လဲရာ၌ပင် သံခွာအစား ရွှေကို မြင်းခွာလုပ်၍ တပ်ဆင် အသုံးပြုခဲ့ကြဘူး လေသည်။




ပင်လယ် ရေနက်ပိုင်းတွင် ကျက်စားသော အစ်ဂနော့မူရာယီ ခေါ် ငါးတမျိုးတွင် မျက်စိ လုံးဝမပါရှိချေ။

# အတိုအထွာ


သရုပ်ဖော်




ယခင်က တူရကီပြည် ဘုရင့်လက်ရွေးစင် ကိုယ်ရံတော်တပ်မှ စစ်ဗိုလ်များ၏ အဆောင်အယောင်မှာ ဧရာမ ယောက်ချိုဒွန်းကြီးများ ဖြစ်သည်၊ အနီးကပ်ရင်ဆိုင်တိုက်ပွဲများ၌ ယင်းတို့ကို လက်နက်အဖြစ် အသုံးပြုခဲ့ကြသည်။






အာဖရိကတိုက် ကွန်ဂိုနှင့် ဆူဒန်နယ်တို့၌ ဗာဆင်ဂျီ ခေါ် ခွေးတမျိုးရှိသည်။ ယင်းတို့သည် မည်သည့်အခါမျှ ဟောင်လေ့မရှိပေ။ ညည်းတွားသံသဲ့သဲ့ကိုသာ ပြုတတ်သည်။ ကိုင်းတောအတွင်း ခြေရာခံရာ၌ အသုံးဝင်သဖြင့် အီဂျစ် ဘုရင်များက နှစ်သက်မွေးမြူခဲ့ကြသည်။




ကမ္ဘာ့သမပိုင်းပင်လယ်ရေတိမ်များတွင် တွေ့ရသော ငပူတင်း တမျိုးသည် ရန်သူနှင့် တွေ့သောအခါ လေရှူသွင်းပြီး ပူဖောင်းကဲ့သို့ ပြုလုပ်ထားသည်။ ထိုအခါ အရေခွံပေါ်ရှိ ဆူးများ ထောင်လာသဖြင့် ဒူးရင်းသီးပမာ ဆူးများပြည့်ကာ အသည်းယားစရာဖြစ်နေသည်။


ပုရွက်ဆိတ်
နှင့်
နံ့ကောင်
ကာတွန်း မြေရာ
တနေ့တွင် နံ့ကောင်တကောင်သည် လေကလေးတချွန်ချွန်ဖြင့် –
လမ်းလျှောက်လာစဉ် –
ကယ်ကြပါ ဗျို့–
အော်သံလာရာသို့ ပြေးသွားကြည့်သောအခါ –
ကျနော့်ကို ကယ်ပါ မိတ်ဆွေရယ်
ရေထဲတွင် သစ်ရွက်ဖြင့် မျောနေသော ပုရွက်ဆိတ်တကောင်ကို တွေ့ရ၏။
အေးကယ်ပါမယ် ဒါပေမဲ့ ခင်းကိုကယ်ဖို့ကြိုးလိုတယ် ကြိုးသွားရှာအုံးမယ်–


ဦးဝက်ကြီးရယ် ကြိုးတချောင်း ငှါးပါ —
နံကောင်သည် ကြိုးရှာရန် ထွက်လာစဉ် ဝက်ကြီးနှင့်တွေ့ရာ —
ငါ့မှာ ကြိုးမရှိဘူး သစ်ပင်ကြီးဆီ သွားတောင်း
သစ်ပင်ကြီးကလည်း —
ဦး ကျီးကန်းကို မေးကြည့်
ကျီးကန်းကြီးဆီသွားပြန်တော့လည်း —
ဒေါ်ကြက်မ ဆီမှာ တောင်းကွ
ဒေါ်ကြက်မကလည်း —
စပါး ကျီထဲက ကြွက်ညိုကိုမေး
အာ ပါး အဲ ဒီ ဆို ကျောင်းကြီးဖုရားကို သွားမေးပါလား —


ထိုအခါ ကြောင်ကြီးဖြူကြားက —
ဦးနွားကြီးမှာ နဖါးကြိုး ရှိတယ် သူ့ဆီမှာတောင်း
ငါ့ဆီမှာရှိတာတော့ ရပါတယ်ယူသွား
အီး!! မ,လို့မရဘူး
နှံကောင်လည်း ကြိုးကိုမသယ်နိုင်၍ ထား ခဲ့ကာ စိတ်ပျက်စွာ ပြန်လာခဲ့သည်။
ပုရွက်ဆိတ်ကို ငါဘယ်လို ကယ်ရပါ့—
အား— အကြံရပြီ
အင်းကိုယ့်အကြံ ဉာဏ်နဲ့ ကိုယ့်အားကိုယ် ကိုးရမှာဘဲ—
သို့ဖြင့် မြက်များကို မိမိဖာသာ ဖြတ်ယူပြီး ကြိုးကျစ်လေတော့၏။
ကျေးဇူး ပါဘဲဗျာ—
ထိုကြိုးကို ပုရွက်ဆိတ်ထံ ပစ်ပေးပြီး ကယ် ဆယ်လိုက်လေသတည်း။



ပိုးကျနေသော သစ်သီးများကို ခွဲကြည့်ပါက အထဲတွင်ဖောက်စားနေသော လောက်ကောင် ကလေးများကို တွေ့ရမည်ဖြစ်သည်။ ထိုလောက်ကောင်ကလေးများသည် သစ်သီးကြွေကျသည်အထိ သစ်သီးထဲတွင် နေထိုင်လေသည်။


ရှေးဦးစွာ လိပ်ပြာ၊ ဖလံ စသော ပိုးမွှားများသည် သစ်သီးများနှင့် စိမ်းနေစဉ် လာနားပြီး သစ်သီးတွင် အပေါက်များဖောက်ကာ ဥ အုထားခဲ့ကြသည်။ ရက်အတန်ကြာ သော အခါ ဥ များ မှ လောက် ကောင် က လေး များ ပေါက်ဖွား လာတော့သည်။ ထို လောက် ကောင် ကလေး များ

## သစ်သီးပိုး အဘယ်ပုံ ပေါက်ဖွားသနည်း

သည် သစ်သီးထဲတွင် နေထိုင်လျက် သစ်သီးကို စားသုံးကာ ကြီးထွားလာကြသည်။ သစ်သီးများ မြေသို့ကြွေကျသောအခါ လောက်ကောင်ကလေးများသည် အပြင်ဖက်သို့ ထွက်ခဲ့ကြပြီး တနေရာတွင် တွယ်ကပ်လျက် အခွံမာအိမ်များဆောက်၍ အလုံပိတ်နေကြသည်။

နောင်နှစ် နွေဦးသို့ ရောက်သောအခါ လောက်ကောင်ဘဝမှ အင်္ဂါစုံ ပိုးမွှားဘဝသို့ ကူးပြောင်းကာ အခွံမာအိမ်ကို ဖောက်ထွက်ပြီးပျံသွားကြလေသည်။

ကြယ်မြူ





## စားပွဲတင် အရုပ် လုပ်ကြရအောင်

ဝိုင်ယာကြိုး ခပ်မာမာကို အဆင့် ၁၊ ၂၊ ၃၊ ၄ အတိုင်း ပြုလုပ်ပြီးနောက်၊ အဆင့် ၅ မှာကဲ့သို့ အဝတ်စများဖြင့် ရစ်ပတ်၍ စားပွဲတင် ကုလားအုပ် ရုပ်ကလေး ပြုလုပ်ပါ။ ဤနည်း အ တိုင်း အခြားအရုပ်များလည်း ပြုလုပ်နိုင်ပါသည်။

# အသိ တရား

မောင်ဗိသက်ပိုင်
(မှုန်းခြံ)



ဖိုးနီတို့ လေးတန်း တက်ရသည်မှာ နှစ်လကျော်သွားပြီ။ သို့သော် ဂဏန်းစာအုပ်မရသေးပေ။ အတန်းပိုင်ဆရာက ပုစ္ဆာများပါ ပေး၍ တွက်ခိုင်းသော်လည်း သင်္ချာ၌ အထူးဝါသနာပါ၍ ဂုဏ်ထူးရလိုသော ဖိုးနီအဖို့ အားမရလှပေ။

ဖိုးနီ ကျောင်းရောက်ချိန်၌ သူငယ်ချင်း ရွှေဘော်တို့၊ စိုးမြင့်အောင်တို့ မရောက်သေးချေ။ "ဒီကောင်တွေ ဒီနေ့ ဘာလို့ နောက်ကျနေပါလိမ့်" ဟု တွေးနေစဉ် စာအုပ်အသစ်ကလေးများ ကိုင်၍ မြို့ထဲမှ ပြန်လာသော ရွှေဘော်နှင့် စိုးမြင့်အောင်တို့ နှစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟေ့ ဖိုးနီ၊ ဒို့ သင်္ချာစာအုပ် ရခဲ့ပြီကွ"

စိုးမြင့်အောင်က ခပ်ကြွားကြွား ပြောလိုက်ရာ၊ ဖိုးနီက –

"ဟင် – ဝယ်လို့ရလား။ ကျောင်းတက်ချိန်တောင် နီးနေပြီ၊ အိမ်ပြန်လို့ မဖြစ်တော့ဘူး။ ထမင်းစားကျောင်းဆင်းယင် ဝယ်မှဘဲ"

"ဖိုးနီရေ ဝယ်မနေနဲ့တော့၊ စာအုပ်က ကုန်သွားပြီ။ ငါနဲ့ သာ အတူတူကြည့်တော့။ အောင်နိုင်ဦး တို့တောင် နံနဲ နောက်ကျလို့ မရခဲ့ဘူး"

ရွှေဘော်က ပြောလိုက်သဖြင့် ပိုစိတ်ရှုပ်သွားသည်။ လိုချင်ခါမှ မရလေခြင်းဟု ဒေါသဖြစ်မိသည်။ သို့ဖြင့် ညနေကျောင်းဆင်းချိန်တွင် ရွှေဘော် အလစ်၌ သင်္ချာစာအုပ်ကို ခိုးယူထားလိုက်သည်။ သူ့အဖေမြို့ထဲသွားရင်း ဝယ်လာခဲ့သည်ဟု နောက်နေ့၌ ညာပြောရန်လည်း တဆက်တည်း စိတ်ကူးထားလိုက်သည်။

ဖိုးနီမှာ မလုပ်ဘူးသော အလုပ်ကို လုပ်လာခဲ့မိသဖြင့် စိတ်ထဲ၌ လှုပ်ရှားနေသည်။ ထမင်းလည်း ကောင်းကောင်း စား၍မရ၊ စာလည်း ကျက်မရ ဖြစ်နေသည်။ ညအိပ်ရာဝင်ပြန်လည်း တော်တော်နှင့် အိပ်၍မပျော်ပေ။ သူ့အပေါ် အစစအရာရာ ညှာတာထောက်ထားသည့် သူငယ်ချင်း ရွှေဘော်၏ မျက်နှာကိုသာ မြင်ယောင်နေသည်။

နံနက်စောစော၌ "လိုက်ဟ" "ဖမ်းဟ" ဟူသော ဆူဆူညံညံ အသံများကြောင့် ဖိုးနီ တယောက် အိပ်ရာမှ လန့်နိုးလာသည်။ ခပ်ပိန်ပိန် မွဲခြောက်ခြောက် လူတယောက်ကို လူတစုက ဝိုင်းဝန်း ထိုးကြိတ်နေသည်ကို လှမ်းမြင်ရသည်။ သနား စဘွယ် ဒူးတုတ်၍ တောင်းပန်နေသည့်ကြားမှ လူတယောက်က တုတ်ဖြင့် ခေါင်းကို လှမ်းရိုက်လိုက်သည်ကို မြင်ရသဖြင့် မျက်စိကိုမှိတ်ထားလိုက်မိသည်၊ အနီးတွင်ရှိသော အဖေက –

"အဲဒါ သူများပစ္စည်း ခိုးယူချင်လို့ ရရှိတဲ့ ဆုလပ်ပေါ့ သား ရဲ့။ သူများရဲ့ ပစ္စည်းအဖိုးတန်ကလေးတွေ၊ လှလှပပကလေး

တွေကို လိုချင်တပ်မက်စိတ် သိပ်မကြီးရဘူး။ မမက်မောလွန်းရဘူး။ စိတ်ကို ချိုးနှိမ်ထားရတယ်။ အဲဒီစိတ်ကို မနိုင်ယင်ငယ်ငယ်ကတော့ ခဲတံ၊ ဖောင်တိန်၊ စာအုပ်ကလေးတွေက စပြီး မသိအောင်ယူလာ။ ကြီးလာတော့ အခုလို အိမ်တွေကို ဖောက်ထွင်း ခိုးယူတဲ့အထိ ဖြစ်သွားနိုင်တယ်”

သူ့အဖေ၏ စကားသည် သူ့ကို သွယ်ဝိုက်၍ပြောဆိုနေသကဲ့သို့ဖြစ်နေတော့သည်။ထိုစကားများကြောင့်ပင် သူသည် သူ့အမှားကို နားလည် လာပြီး ဆုံးဖြတ်ချက်တခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။

ကျောင်းသို့ ရောက်လျှင် ဖိုးနီသည် ရွှေဘော်ကို ကျောင်းခန်းအပြင်သို့ လက်တို့၍ ခေါ်ခဲ့သည်။

“ဘာလဲဟေ့ ဖိုးနီ”

“ငါ မင်းကို တောင်းပန်စရာ ရှိလို့ပါ။ စိတ်မဆိုးနဲ့နော်။ ပြီးတော့လဲ ဒီအကြောင်းကို ဘယ်သူ့မှ မပြောပါနဲ့ကွာ”

“အေးပါ၊ ငါဘယ်သူ့မှ မပြောပါဘူး”

ထိုအခါမှ ဖိုးနီသည် သူ့လွယ်အိတ်ထဲမှသင်္ချာစာအုပ်ကို ထုတ်၍ ရွှေဘော်အား လှမ်းပေးရင်း –

“ငါလေ သင်္ချာကို ဂုဏ်ထူးရချင်လွန်းလို့ မင်းစာအုပ်ကို အလစ်ယူသွားမိတယ်ကွာ။ ဒါပေမဲ့ အဲဒါယူလာမိလို့ ညက တညလုံး အိပ်လို့မရဘူး။စာလဲကျက်လို့ မရဘူး။ ဒါကြောင့် ငါမှားမှန်းသိလို့ အခု ပြန်ပေးတာ။ စိတ်မဆိုးနဲ့နော် သူငယ်ချင်း”

“ဟင် – ငါ့စာအုပ် မင်းယူသွားတာကိုး။ ငါလဲ စာအုပ်ပျောက်မှန်း အိမ်ရောက်မှသိလို့ ဆရာ့ကိုတောင် ဒီနေ့ မနက်တိုင်မလို့ နဲ့နဲ့ လိုတော့တယ်။ အေးကွာ– မင်းစိတ်ပြင်နိုင်တာ ကောင်း ပါ တယ်။ ဒို့အဖေက သူများ ပစ္စည်းဆိုယင် အလကားယူဘို့မပြောနဲ့ စေတနာနဲ့ မုံကျွေးတာတောင် အများကြီး မစားရဘူးလို့ ဆုံးမ ထားတယ်ကွ”

“အေးကွာ၊ ငါ နောက် မမိုက်တော့ပါဘူး”

“ဝမ်း သာ ပါတယ်ကွာ။ မနေ့ကဘဲ ဒို့ဆီမှာ သင်္ချာစာအုပ် မရှိဘူးဆိုလို့ မြင်းခြံက ဒို့ဦးလေးချစ်က စာအုပ်တအုပ် ပို့လိုက်တယ်။ ငါ့မှာ တအုပ်ပိုနေလို့ ဒီစာအုပ်ကို မင်းယူတော့”

ရွှေဘော်သည် ပြောပြောဆိုဆို ဖိုးနီပြန်ပေးသောစာအုပ်ကို ဖိုးနီအား ပြန်ပေးလိုက်သည်။ ဖိုးနီသည် ဝမ်းသာဝမ်းနည်းဖြစ်ကာ ရွှေဘော်အား ဖက်ထားပြီး၊ မျက်ရည်များပင်ကျမိသည်။ မည်သည့်အခါမျှ သူငယ်ချင်းများအပေါ် မပြစ်မှားမိရန်နှင့် သူတပါးပစ္စည်းကို မခိုးရန်လည်း ဆုံးဖြတ်ချက်ချလိုက်လေသည်။

# နွေဦးသင်ခန်းစာ

လေရူးလေပွေ ဆော်ကာသွေး၊
ဥသြဆိုပေါ့ နွေကြိုတေး။


အမေ့သားလေး ရွှေသွေးငယ်၊
နွေကိုကြည့်စမ်းကွယ်။

လေဝယ်လွင့်ပါး ရွက်ဝါများ၊
အားအင်ခန်း၍ ထင်ရာသွား။

မြသားအဆင်း ရွက်သစ်တွေ၊
အားသစ်ရှိန်းလို့ ပင်တိုင်းဝေ။

ဖြစ်စေချင်တယ် အမေ့သား၊
ရွက်သစ်ပုံအလား။ ။

တေသားလေး ဖိုးသာအောင်
(ဆားလင်း)



R. 517



# ဘီလူး

ဘီလူးဆိုသည်မှာ မြန်မာတို့၏ စာပေကျမ်းဂန်များ၊ ဒဏ္ဍာရီပုံပြင်ဝတ္ထုများတွင် ဖော်ပြပါရှိသော သက်ရှိ သတ္တဝါတမျိုး ဖြစ်ပေသည်။ ယင်းဘီလူးကား ရုပ်ဆင်း သွင်သဏ္ဍာန်ဆိုးဝါး၏။ ရက်စက်ကြမ်းကြုတ်၏။ သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်ကာ အသားအသွေးကိုစားသောက်လေ့ရှိ၏။

တော၊ တောင်၊ သစ်ပင်၊ အဆောက်အအုံစသည်တို့၌ နေထိုင်သော မြေဘီလူးနှင့် သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်စသည်တို့၌ နေထိုင်သော ရေဘီလူးဟူ၍ နှစ်မျိုးရှိသည်။ အချို့ဘီလူးတို့သည် လက်နက် ကိုင်ဆောင်တတ်၍ အချို့မှာ လက်နက် ကိုင်ဆောင်ခြင်း မရှိဟု ဆိုသည်။ အချို့ဘီလူးတို့မှာ ရုပ်ဖျောက်နိုင်ကြသည်ဟုဆို၏။

အချို့ဘီလူးတို့မှာ လူယောင်ဖန်ဆင်း၍ နေကြသော်လည်း လူနှင့်မတူ၊ မျက်စိနီခြင်း၊ မျက်စိမမှိတ်ခြင်း၊ အရိပ်မထွက်ခြင်း၊ မကြောက်ရွံ့ခြင်း၊ မသနားခြင်း ဟူ၍ ထူးခြားသော အရာငါးပါးရှိသည်ဟု စာပေ ကျမ်းဂန်များတွင်ဖော်ပြထား၏။

စာပေ ကျမ်းဂန်များမှ အပဖြစ်သော တကယ့် ဘီလူးကိုမူ လူတို့မမြင်ဘူးကြပေ။ သို့သော်ဇာတ်သဘင်၊ ရုပ်သေး၊ ပန်းချီ၊ ပန်းပုစသည်တို့တွင် ဘီလူးကို မြင်တွေ့ နေကြရသဖြင့် ဘီလူးပုံသွင်မှာ မြန်မာတို့စိတ်တွင် စွဲနေတော့သည်။ သိပ္ပံပညာကမူ ဘီလူးအစစ် ရှိသည်ဟု လက်မခံချေ။ လူသာမန်တို့ထက် ကိုယ်လုံး ကိုယ်ထည် အဆမတန်ကြီးမား လှသူများကိုပင် ဘီလူးဟု ယူဆလေသည်။



မုံရွာ ဝင်းဖေ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




➜ Click below link ➜

https://www.facebook.com/shwethwayjournal/